The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၉) ၊ အမှတ်(၇) ၊ ဇူလိုင်လ ၃၁ ၊ ၂၀၂၄

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# ကျိုက်ထိုတွင် လက်နက်ကြီးကြောင့် အရပ်သား (၆) ဦး သေဆုံးပြီး (၁၂) ဦး ဒဏ်ရာရ



## ကျိုက်မရောတွင် စစ်ကောင်စီ၏လေကြောင်း တိုက်ခိုက်မှုကြောင့် အရပ်သား (၂၀) ကျော် သေဆုံး၊ အများအပြား ထိခိုက်ဒဏ်ရာရ



ဇူလိုင် ၂၂၊ ၂၀၂၄

၂၀၂၄ ဇူလိုင်လ (၁၉) ရက်နေ့ နံနက် (၁၀) နာရီကျော်အချိန်ခန့်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ငပုအင်းရွာသစ်နှင့် လွှစင်ကုန်းကျေးရွာအစပ် လမ်းဆုံရှိ ငပုအင်းရွာသစ်ဘုန်းတော်ကြီးကျောင်းကို စစ်ကောင်စီက ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူ (၂၀) ကျော် သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူများလည်း များပြားခဲ့ကြောင်း သိရသည်။

▶▶▶▶ စာမျက်နှာ (၅) သို့

INSIDE

စစ်သင်တန်းပြီးဆုံးသည့်လူငယ်များကို တိုက်ပွဲဖြစ်ရာ နယ်မြေသို့ ပို့ဆောင် — စာမျက်နှာ (၈) သို့

စစ်ကောင်စီ၏ လေကြောင်းနှင့်လက်နက်ကြီးတိုက်ခိုက်မှုကြောင့် ပျားတောင်ဒေသခံ (၁,၀၀၀) ကျော် ထွက်ပြေးနေရ — စာမျက်နှာ (၁၀) သို့

၂၀၂၄ ဇူလိုင်လ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း — စာမျက်နှာ (၁၃) သို့

ကျိုက်ထိုတွင် ဒေသခံ (၁၀) ဦးထက်မနည်း လူသားဒိုင်းအဖြစ် ဖမ်းဆီးခံထားရ — စာမျက်နှာ (၁၆) သို့

VPN အသုံးပြုသူများကို ဆက်လက်ငွေညှစ်နေဆဲ — စာမျက်နှာ (၂၂) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုဖြင့် ပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်နေသည့် စစ်ကောင်စီ

## (၂၀၂၄ ဇူလိုင်လအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၇) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက် ရှိသည်။




**လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား သေဆုံးမှု ဦးရေ**

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ ဇူလိုင်လတွင် မြို့နယ် (၁၆) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၅၀) ကျော် ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။ သတင်းပုဒ်ရေနှင့် မြို့နယ်အရေအတွက်ကို ကြည့်ခြင်းအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း မြင်တွေ့ရမည် ဖြစ်သည်။




**လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ထိခိုက်ဒဏ်ရာရသူ ဦးရေ**

မြန်မာနိုင်ငံမြောက်ပိုင်းတွင် စစ်ရေးအရအကြီးအကျယ်အရေးနိမ့်နေပြီး တောင်ပိုင်းတွင် တပ်စခန်းများကို လက်လွှတ်ဆုံးရှုံးနေရသည့် စစ်ကောင်စီသည် ၎င်းတို့ထိန်းချုပ်ရာဒေသ အနည်းငယ်ရှိ ပြည်သူများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားအကြမ်းဖက်လာသည်။

ယခုဇူလိုင်လတွင် မွန်ပြည်နယ်၌ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ဖြင့် ပြည်သူများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ ကျူးလွန်လာသည်။ ကျိုက်ထိုမြို့နယ်သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများကို ကြိမ်ဖန်များစွာလုပ်ဆောင်ကာ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်နေသကဲ့သို့ ကျိုက်မရောမြို့နယ်တွင်လည်း စစ်ကောင်စီက ပြည်သူများကို ပစ်မှတ်ထားသည့် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ကာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကို ကျူးလွန်နေသည်။




**လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ သေဆုံးမှု**

ကျိုက်ထိုမြို့နယ်တွင် စစ်ကောင်စီ၏လက်နက်ကြီးပစ်ခတ်မှုကြောင့် ယခုလအတွင်း အရပ်သား ပြည်သူ (၁၆) ဦး သေဆုံးပြီး (၃၂) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မွန်လူထုအသံက ကောက်ခံရရှိထားသည့် အချက်အလက်များအရ သိရှိရသည်။

ဇူလိုင်လ (၁၉) ရက်နေ့ နံနက် (၁၀) နာရီကျော်အချိန်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ငပုအင်းရွာသစ်နှင့် လွှစင်ကုန်းကျေးရွာအစပ် လမ်းဆုံရှိ ငပုအင်းရွာသစ်ဘုန်းတော်ကြီးကျောင်းကို စစ်ကောင်စီက လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အရပ်သားပြည်သူ (၂၀) ကျော် သေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**“လပြည့်နေ့မှာ ဝါဆိုသင်္ကန်းကပ်ဖို့ ဘုန်းကြီးကျောင်းမှာ ချက်ပြုတ်နေကြတာ။ အဲအချိန်မှာ သူတို့က လေယာဉ်နဲ့ ဗုံးလာကြဲသွားတယ်”** ဟု ဒေသခံတစ်ဦးက မွန်လူထုအသံကို ပြောသည်။

တိုက်ပွဲများပြန်လည်ငြိမ်သက်သွားပြီဖြစ်သည့် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွဒေသနှင့် ဓမ္မသတ် ကျေးရွာအနီးတဝိုက်မှ ဒေသခံပြည်သူများသည်လည်း ယနေ့အချိန်အထိ နေရပ်မပြန်နိုင်သေးချေ။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အကြီးအကျယ်စစ်ရှုံးနေသည့် စစ်ကောင်စီက မြန်မာနိုင်ငံတောင်ပိုင်းတွင် စစ်ရေးအရှိန်မြှင့်တင်လာသည်။ စစ်ကြောင်းထိုးတိုက်ခိုက်မှုများနှင့်အတူ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများ၊ အရပ်သားပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများ၊ ပြည်သူတို့၏အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးလုယက်မှုများနှင့် ပြည်သူများထံမှ ငွေကြေးအတင်းအဓမ္မတောင်းခံခြင်းများကို နေရာအနှံ့ကျူးလွန်နေသည်။

စစ်ရေးပဋိပက္ခနှင့် နယ်မြေအေးချမ်းမှုမရှိခြင်းတို့ကြောင့် မွန်၊ ကရင်နှင့် တနင်္သာရီဒေသရှိ တောင်သူလယ်သမားများသည် မိုးစပါးစိုက်ပျိုးခြင်းကို မလုပ်ကိုင်နိုင်ဘဲ လယ်မြေဧက အတော်များများကို စွန့်ပစ်ထားရသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရ နေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၄ ဇူလိုင်လ

# ကျိုက်ထိုတွင် လက်နက်ကြီးကြောင့် အရပ်သား (၆) ဦး သေဆုံးပြီး (၁၂) ဦး ဒဏ်ရာရ

ဇူလိုင် ၂၅၊ ၂၀၂၄

၂၀၂၄ ဇူလိုင်လ (၂၃) ရက်နေ့တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ် ပူးပေါင်းတပ်တို့သည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု ကျောက်တန်းလေးကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။



တိုက်ပွဲအတွင်း ကျိုက်ထိုအခြေစိုက် အမှတ် (၆၀၂) ဒုံးတပ်ရင်းက လက်နက်ကြီးဖြင့် အချက် (၅၀) ထက်မနည်း ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးပေါက်ကွဲမှုကြောင့် ပျဉ်းကတိုးကုန်းဒေသခံနှင့် ရွှေတွင်းအလုပ်သမားများဖြစ်ကြသည့် အသက် (၁၈) နှစ်အရွယ် မောင်စိုးထက်ပိုင်နှင့် မောင်ချစ်ကို၊ အသက် (၂၀) အရွယ် မောင်ငြိမ်းချမ်းအောင်နှင့် မောင်အောင်ဇင်ထွေး၊ အသက် (၂၉) နှစ်အရွယ် ကိုထွန်းထွန်းဝင်းအပါအဝင် (၆) ဦး သေဆုံးခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးမှ တာဝန်ရှိသူက ပြောသည်။

**"လက်နက်ကြီးပစ်တာ အချက်ရေ (၅၀) ကျော်လောက်ရှိတယ်။ နားမခံနိုင်လောက်အောင် တရစပ်ပဲ။ တိုက်ပွဲလည်းဖြစ်နေတော့ ဒီကအလုပ်သမားတွေက အထုပ်တွေပြင်ပြီး ပြေးကြတာ။ သေသွားတဲ့သူတွေဆိုရင် ရစရာတောင် မရှိဘူး။ လူမှန်းတောင် မသိရဘူး"** ဟု ပျဉ်းကတိုးကုန်းဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် လက်နက်ကြီးကြောင့် ဒေသခံ (၁၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး (၂) ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်။

**"စစ်ကောင်စီက အကြမ်းဖက်မှုနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို တစ်နေ့တစ်ခြား ဆက်တိုက်ကျူးလွန်နေတယ်။ ဒါတွေကို အများက သိပြီးဖြစ်နေတော့ ထွေထွေထူးထူးမှတ်ချက်မပေးတော့ပါဘူး"** ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ ပြောရေးဆိုခွင့်ရှိသူ ပဒိုစောအေးနိုင်က ပြောသည်။

ဇူလိုင်လ (၂၂) ရက်နေ့တွင်လည်း ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ရဲစခန်းကို တော်လှန်ရေးအင်အားစုများ ဝင်ရောက်တိုက်ခိုက်ပြီးနောက်ပိုင်း အမှတ် (၃၁၀) အမြောက်တပ်ရင်းက အနီးအနားကျေးရွာများကို လက်နက်ကြီး (၅) လုံးထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

လက်နက်ကြီးပေါက်ကွဲမှုကြောင့် ရွာလေးကျေးရွာမှ အသက် (၄၇) နှစ်အရွယ် ဦးလင်းစစ်သူသည် ပွဲချင်းပြီး သေဆုံးခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်းသည် ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ ၎င်းကို သိမ်ဇရပ်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခုလတ်တွင် သေဆုံးခဲ့ပြန်သည်။

**"ရဲစခန်းအတိုက်ခံရပြီး ခဏအကြာမှာပဲ လက်နက်ကြီးသံတွေ ဆက်တိုက်ကြားရတယ်။ ဆုံးသွားအမျိုးသမီးဆိုရင် ကိုယ်ဝန်လေးလ ရှိပြီ။ သူ့အမျိုးသားကတော့ ပွဲချင်းပြီးပဲ"** ဟု ရွာလေးဒေသခံတစ်ဦးက ပြောသည်။

ကျိုက်ထိုမြို့နယ်တွင် ယခုလအတွင်း စစ်ကောင်စီတပ်၏လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သားပြည်သူ (၁၆) ဦး သေဆုံးပြီး (၃၂) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

# ကျိုက်မရောတွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား (၂၀) ကျော် သေဆုံး၊ အများအပြား ထိခိုက်ဒဏ်ရာရ



**ဇူလိုင် ၂၂၊ ၂၀၂၄**

၂၀၂၄ ဇူလိုင်လ (၁၉) ရက်နေ့ နံနက် (၁၀) နာရီကျော် အချိန်ခန့်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ငပုအင်းရွာသစ်နှင့် လွှစင်ကုန်းကျေးရွာအစပ် လမ်းဆုံရှိ ငပုအင်းရွာသစ်ဘုန်းတော်ကြီး ကျောင်းကို စစ်ကောင်စီက ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူ (၂၀) ကျော် သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူများလည်း များပြားခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများအပြင် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်မှ တပ်ဖွဲ့ဝင်များက အဆိုပါဘုန်းတော်ကြီးကျောင်းတွင် ဝါဆိုသင်္ကန်း ဆပ်ကပ်ရန် စီစဉ်လုပ်ဆောင်နေစဉ် စစ်ကောင်စီက ပေါင် (၅၀၀) ဗုံးဟု ယူဆရသော ဗုံး (၄) လုံး ကြဲချတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားပြည်သူ (၂၀) ကျော် နှင့် တော်လှန်ရေးတပ်ဖွဲ့များမှ ရဲဘော် (၁၀) ဦးခန့် ကျဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူအရေအတွက်ကိုမူ အတည်မပြုနိုင်သေးချေ။ လက်ရှိတွင် ဒေသခံကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ် ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။


**“ရွာမှာက အေးအေးဆေးဆေးပဲ။ တိုက်ပွဲဖြစ်တာမျိုးလည်း မရှိဘူး။ လပြည့်နေ့မှာ ဝါဆိုသင်္ကန်းကပ်ဖို့ ဘုန်းကြီးကျောင်းမှာ ချက်ပြုတ်နေကြတာ။ KNLA ကရင်တပ်ဖွဲ့တွေ နောက်ပြီး PDF တပ်ဖွဲ့တွေလည်း ရှိနေတယ်။ အဲအချိန်မှာ သူတို့က လေယာဉ်နဲ့ ဗုံးလာကြဲသွားတယ်။ အဲမှာရှိတဲ့သူတော်တော်များများ ထိသွားတယ်။ အိမ်တွေ ကားတွေလည်း အများကြီး ထိသွားတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဗုံးကြဲတိုက်ခိုက်ခံရပြီးနောက်ပိုင်း အဆိုပါဒေသရှိ ပြည်သူများသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

ကျိုက်မရောမြို့နယ်ရှိ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ ထိန်းချုပ်ရာနေရာများကို စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ မကြာခဏလုပ်ဆောင် လေ့ရှိသည်။

“ရွာမှာက အေးအေးဆေးဆေးပဲ။ တိုက်ပွဲဖြစ်တာမျိုးလည်း မရှိဘူး။ လပြည့်နေ့မှာ ဝါဆိုသင်္ကန်းကပ်ဖို့ ဘုန်းကြီးကျောင်းမှာ ချက်ပြုတ်နေကြတာ။ KNLA ကရင်တပ်ဖွဲ့တွေ နောက်ပြီး PDF တပ်ဖွဲ့တွေလည်း ရှိနေတယ်။ အဲအချိန်မှာ သူတို့က လေယာဉ်နဲ့ ဗုံးလာကြဲသွားတယ်။ အဲမှာရှိတဲ့သူတော်တော်များများ ထိသွားတယ်။ အိမ်တွေ ကားတွေလည်း အများကြီး ထိသွားတယ်”

# ကျိုက်ထိုတွင် ရက်သတ္တပတ် (၅) ပတ်အတွင်း လက်နက်ကြီးကြောင့် (၃) ဦး သေဆုံးပြီး (၁၅) ဒဏ်ရာရ



**ဇူလိုင် ၁၀၊ ၂၀၂၄**

၂၀၂၄ ဇွန်လနှင့် ဇူလိုင်လ ပထမအပတ်အတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူ (၃) ဦး သေဆုံးပြီး ကလေးငယ်များအပါအဝင် (၁၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မွန်လူထုအသံက ကောက်ခံရရှိထားသည့် အချက်အလက်များအရ သိရှိရသည်။

ဇွန်လတွင် လက်နက်ကြီးအကြောင်းမဲ့ပစ်ခတ်မှုကြောင့် အသက် (၁၀) နှစ်အရွယ် ကိုရင် (၁) ပါး ပျံလွန်တော်မူပြီး (၁၄) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးနှင့် အသက် (၂၀) အရွယ် အမျိုးသမီး (၁) ဦး သေဆုံးခဲ့သည်။ ၎င်းပြင် သံဃာ (၂) ပါးနှင့် အရပ်သား (၄) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဇူလိုင်လပထမအပတ်တွင်လည်း စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် အကြောင်းမဲ့ဆက်လက်ပစ်ခတ်နေပြီး ကလေးငယ် (၃) ဦး အပါအဝင် အရပ်သား (၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) ခြေမြန်တပ်ရင်းနှင့် ကျိုက်ထိုအခြေစိုက် အမှတ် (၄၄) တပ်ရင်းဌာနချုပ်တို့က ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်ရာနယ်မြေရှိ ကျေးရွာများကို လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်နေခြင်း ဖြစ်သည်။

**“ငှက်ပျောတောနဲ့ ကရဝေးဆိပ်က KNU တပ်မဟာ (၁) နယ်မြေပဲ။ ဒေသခံတွေက ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်နေရတယ်။ အိမ်တွေ ဘုန်းကြီးကျောင်းတွေ အဆောက်အဦးတွေ ထိခိုက်ပျက်စီးသွားတယ်”** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

စစ်ကောင်စီ၏လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံပြည်သူ (၁၀,၀၀၀) ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးနေရကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

**“လက်နက်ကိုင်အဖွဲ့တိုင်းက ပြည်သူတွေကို ကာကွယ်ဖို့ တာဝန်ရှိတယ်။ အခုတော့ စစ်တပ်ရဲ့လုပ်ရပ်က ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ပြောင်ပြောင်တင်းတင်း ဖျက်ဆီးနေတယ်လို့ပဲ ပြောချင်တယ်”** ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ပြောရေးဆိုခွင့်ရှိသူ ဗဒိုစောအေးနိုင်က ပြောသည်။

**“လက်နက်ကိုင်အဖွဲ့တိုင်းက ပြည်သူတွေကို ကာကွယ်ဖို့ တာဝန်ရှိတယ်။ အခုတော့ စစ်တပ်ရဲ့လုပ်ရပ်က ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ပြောင်ပြောင်တင်းတင်း ဖျက်ဆီးနေတယ်လို့ပဲ ပြောချင်တယ်”**

# လောင်းလုံးတွင် စစ်ကောင်စီက မိန်းကလေးငယ်တစ်ဦးကို အကြောင်းမဲ့ပစ်သတ်

**ဇူလိုင် ၁၁၊ ၂၀၂၄**

၂၀၂၄ ဇူလိုင်လ (၁၀) ရက်နေ့တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် သဗျာကျေးရွာမှ အသက် (၁၇) အရွယ် မိန်းကလေးငယ်တစ်ဦးကို စစ်ကောင်စီတပ်က အကြောင်းမဲ့ပစ်သတ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။




မနက်ပိုင်းတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီတပ်က နတ်ရေရတနာဘုန်းတော်ကြီးကျောင်းရှေ့ရှိ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုအချိန်တွင် မသက်ထားခိုင် (ခ) မဝိုင်းဝိုင်းလေးသည် ဖုံးခိုကျင်းမှ ထွက်လာရာ စစ်ကောင်စီတပ်က ၎င်းကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

**“သူတို့က အိမ်ရှင်လင်မယားကို အိမ်ပေါ်မှာ ထိုင်ခိုင်းထားတာ။ အဲအချိန်မှာ သူတို့သမီးက ဖုံးခိုကျင်းကနေ ထွက်လာတာ။ သေနတ်နဲ့ပစ်တော့ ကျည်ဆံက လက်မောင်းဆုံကနေဝင်ပြီး အဆုတ်ကို ထိလို့ သေသွားတာ”** ဟု သဗျာကျေးရွာဒေသခံတစ်ဦးက ပြောသည်။

မသက်ထားခိုင်၏ဦးလေးဖြစ်သူကိုလည်း စစ်ကောင်စီက ရိုက်နှက်ခဲ့ရာ ထားဝယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည်။ အဆိုပါနေအိမ်ရှိ လက်ကိုင်ဖုန်း (၄) လုံးနှင့် အနီးအနားနေအိမ်မှ ပစ္စည်းအချို့ကိုလည်း လုယက်ယူဆောင်သွားသည်။

“သူတို့က အိမ်ရှင်လင်မယားကို အိမ်ပေါ်မှာ ထိုင်ခိုင်းထားတာ။ အဲအချိန်မှာ သူတို့သမီးက ဖုံးခိုကျင်းကနေ ထွက်လာတာ။ သေနတ်နဲ့ပစ်တော့ ကျည်ဆံက လက်မောင်းဆုံကနေဝင်ပြီး အဆုတ်ကို ထိလို့ သေသွားတာ”

တိုက်ပွဲပြီးနောက် သဗျာကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

# စစ်သင်တန်းပြီးဆုံးသည့်လူငယ်များကို တိုက်ပွဲဖြစ်ရာ နယ်မြေသို့ ပို့ဆောင်



**ဇူလိုင် ၁၇၊ ၂၀၂၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာရှိ အမှတ် (၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ထားသည့် အပတ်စဉ် (၁) စစ်သင်တန်းသည် ၂၀၂၄ ဇွန်လ (၂၈) ရက်နေ့တွင် ပြီးဆုံးခဲ့ပြီး စစ်သင်တန်းပြီးဆုံးခဲ့သူလူငယ်များကို တိုက်ပွဲဖြစ်ပွားရာ ပဋိပက္ခနယ်မြေသို့ စစ်ကောင်စီက ပို့ဆောင်လိုက်ကြောင်း သိရသည်။

စစ်သင်တန်းပြီးဆုံးခဲ့သူလူငယ် (၂၀၀) အနက် (၁၀၀) ကျော်ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့အခြေစိုက် အမှတ် (၃၇) ခြေလျင်တပ်ရင်းသို့လည်းကောင်း၊ လူငယ် (၅၀) ကျော်ကို ရေးမြို့နယ်အခြေစိုက် အမှတ် (၅၈၆) ခြေမြန်တပ်ရင်းသို့လည်းကောင်း၊ ကျန်ရှိနေသည့်သင်တန်းသားများကို အခြားမြို့နယ်များသို့ ပို့ဆောင်လိုက်ကြောင်း သိရသည်။

**“သင်တန်းပြီးတော့ တစ်ယောက်မှ အိမ်မပြန်ရဘူး။ ဇူလိုင်လ (၆) ရက်နေ့မှ နယ်မြေအသီးသီက တပ်ရင်းတွေကို ပို့လိုက်တယ်။ ပို့ခံရတဲ့နေရာအားလုံးက စစ်ရေးပဋိပက္ခဖြစ်နေတဲ့ တပ်ရင်းတွေပဲ များတယ်”** ဟု စစ်ကောင်စီနှင့်နီးစပ်သူတစ်ဦးက ပြောသည်။


စစ်သင်တန်းပြီးပါက စစ်တပ်တွင် (၂) နှစ် တာဝန်ထမ်းဆောင်ရမည် ဖြစ်ပြီး သင်တန်းပြီးလျှင်ပြီးချင်း ရှေ့တန်းစစ်မြေပြင်သို့ ပို့ဆောင်ခံရသဖြင့် ၎င်းတို့၏မိသားစုဝင်များက စိုးရိမ်ပူပန်နေကြသည်။

**“စစ်သင်တန်းဆင်းတဲ့သူတွေကို တိုက်ပွဲဖြစ်ထားတဲ့ ကျေးရွာတွေမှာ ညဘက်ကင်းစောင့်တဲ့တာဝန်ကို ပေးထားတယ်လို့ ကြားတယ်”** ဟု သံဖြူဇရပ်မြို့နယ် စစ်သင်တန်းကျောင်းနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

သင်တန်းမတက်ရောက်ခင်အချိန်တွင် (၃) လတာ သင်တန်းပြီးဆုံးပါက မိမိတို့ဒေသတွင်သာ တာဝန်ချထားပေးမည်ဖြစ်ပြီး ထိုက်သင့်သည့် ငွေကြေးပမာဏခံစားခွင့်တို့ကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း စစ်ကောင်စီက စည်းရုံးပြောဆိုထားသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အချက်အလက်များအရ အမှတ် (၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းတွင် အပတ်စဉ် (၂) ၌ သင်တန်းသား အယောက် (၅၀) နှင့် အပတ်စဉ် (၃) ၌ သင်တန်းသား အယောက် (၁၅၀) စစ်သင်တန်းတက်ရောက်လျက်ရှိသည်။

# စစ်ကောင်စီက ကျောက်မီးသွေးစက်ရုံ အမှန်တကယ် တည်ဆောက်မည်ကို ဒေသခံများ စိုးရိမ်




ဇူလိုင် ၁၇၊ ၂၀၂၄

၂၀၂၄ ဇွန်လ (၂၄) ရက်နေ့တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် "ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ" တည်ဆောက်မည့်အကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

၎င်းက စစ်ကောင်စီက ချောင်းဆုံမြို့နယ် ကလွီနှင့် ဒရယ်ကျေးရွာကြားရှိ ဓနိတော ဧက (၅၀) ကျော်ကို ဝယ်ယူပြီး မြေပိုင်ရှင်များကို (၁) ဧကလျှင် ကျပ်သိန်း (၅၀) လျော်ကြေးပေးနေသည်ဟု ဆိုသည်။

ကျောက်မီးသွေးစက်ရုံတည်ဆောက်ရန်အတွက် စစ်ကောင်စီက လျင်လျင်မြန်မြန်အကောင်အထည်ဖော်လာသည့်အတွက် အဆိုပါစက်ရုံကို အမှန်တကယ်တည်ဆောက်မည်ကို ဒေသခံများက စိုးရိမ်နေသည်။

**"ကျောက်မီးသွေးစက်ရုံက ဘာအကျိုးမှလည်း ရှိမှာမဟုတ်ဘူး။ ပတ်ဝန်းကျင်ပျက်စီးဖို့ပဲ ရှိတယ်။ လုံးဝကို သဘောမတူဘူး။ ဒီအချိန်မှာ ဆန္ဒပြလို့လည်း မရဘူး။ ဘုန်းကြီးတွေက ကန့်ကွက်ပေမဲ့ သူတို့ပြောလို့ရသလောက်ပဲ ပြောရတာ"** ဟု ချောင်းဆုံ ဒေသခံတစ်ဦးက ပြောသည်။

စက်ရုံတည်ဆောက်မည်ကို သဘောမတူသော်လည်း ကန့်ကွက်ဆန္ဒပြပါက စစ်ကောင်စီက အကြမ်းဖက်မည်ကို ဒေသခံများက စိုးရိမ်ပြီး ငြိမ်ခံနေရသည်။

**"ရွာ (၂) ရွာကြားက မြေကို သူတို့ လျော်ကြေးပေးပြီး စာချုပ်နဲ့ဝယ်ထားပြီးပြီ။ မြေမကောင်းတဲ့ပိုင်ရှင်တချို့ကျတော့ ကျေနပ်နေတယ်။ မြေမကောင်းတော့ ရောင်းရင်လည်း ဈေးကောင်းမရဘူး။ မကျေနပ်တဲ့သူတွေလည်း ရှိတယ်"** ဟု အခြားဒေသခံတစ်ဦးက ပြောသည်။

စီမံကိန်းမြေနေရာကို သတ်မှတ်ပြီးသော်လည်း စီမံကိန်းစတင်မည့်အချိန်ကို အတိအကျမသိရှိရသေးကြောင်း ဒေသခံများက ပြောသည်။

**"အံဒင်မှာ ၂၀၁၅ မှာ ကျောက်မီးသွေးစက်ရုံဆောက်ဖို့ စီမံကိန်းချထားတာ လူထုက ကန့်ကွက်ဆန္ဒပြလို့ စီမံကိန်းပျက်သွားတယ်။ အဲတုန်းက နိုင်ငံရေးကောင်းနေတော့ ကန့်ကွက်လို့ရတယ်။ ခုချိန်က ကန့်ကွက်ရင် ဖမ်းသွားမှာလည်း ကြောက်နေရတယ်"** ဟု ဒေသခံတစ်ဦးက ထပ်ပြောသည်။

# စစ်ကောင်စီ၏ လေကြောင်းနှင့်လက်နက်ကြီးတိုက်ခိုက်မှုကြောင့် ပျားတောင်ဒေသခံ (၁,၀၀၀) ကျော် ထွက်ပြေးနေရ

ဇူလိုင် ၅၊ ၂၀၂၄

၂၀၂၄ ဇွန်လနောက်ဆုံးအပတ်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပျားတောင်ဒေသကို စစ်ကောင်စီက လေကြောင်းနှင့် လက်နက်ကြီးတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် ဒေသခံပြည်သူ (၁,၀၀၀) ကျော်သည် အိုးအိမ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်နေရကြောင်း သိရသည်။




ဇွန်လ (၂၆) ရက်နေ့တွင် ကျိုက်မရောမြို့နယ် စံပယ်ဂူဘုန်းတော်ကြီးကျောင်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို တော်လှန်ရေးအင်အားစုများက ဒရုန်းဖြင့်ဗုံးကျဲတိုက်ခိုက်ခဲ့သည်။ ၎င်းနောက် ကျိုက်မရောမြို့အခြေစိုက် အမှတ် (၂၀၈) ခြေမြန်တပ်ရင်းက ပျားတောင်ဒေသရှိ ကျေးရွာများကို လေယာဉ်ဖြင့် (၆) ကြိမ်ခန့် လာရောက်ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကြောင့် ကော့ဒွန်း၊ ကော့ပနော့၊ ကော့ဝမ်း၊ ဝယ်ငဲ့၊ ကွမ်ငန်း၊ မယ်တရိုနှင့် ကဒုံစိကျေးရွာများမှ ဒေသခံပြည်သူ (၁,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**“ကော့ပနော့ကျောင်းဟောင်းမှာတော့ အခုလက်ရှိ စစ်ဘေးရှောင် (၂၀၀) ဝန်းကျင်လောက် ရှိတယ်။ ဒီနေ့(ဇူလိုင်လ (၅) ရက်နေ့)မှာလည်း စပယ်ဂူတံတား(စစ်ဆေးရေးဂိတ်)ကနေ လက်နက်ကြီး (၄) လုံး လှမ်းပစ်သေးတယ်။ လူရောအိမ်ရော ထိခိုက်မှု မရှိပါဘူး”** ဟု ပျားတောင်ဒေသခံတစ်ဦးက ပြောသည်။

> “ကော့ပနော့ကျောင်းဟောင်းမှာတော့ အခုလက်ရှိ စစ်ဘေးရှောင် (၂၀၀) ဝန်းကျင်လောက် ရှိတယ်။ ဒီနေ့(ဇူလိုင်လ (၅) ရက်နေ့)မှာလည်း စပယ်ဂူတံတား(စစ်ဆေးရေးဂိတ်)ကနေ လက်နက်ကြီး (၄) လုံး လှမ်းပစ်သေးတယ်။ လူရောအိမ်ရော ထိခိုက်မှု မရှိပါဘူး”

စစ်ဘေးရှောင်ပြည်သူများသည် မော်လမြိုင်မြို့၊ ကျိုက်မရောမြို့နှင့် နီးစပ်ရာဘုန်းတော်ကြီးကျောင်းနှင့် ဥယျာဉ်ခြံများတွင် ပုန်းအောင်းခိုလှုံနေရသည်။

**“ဘီလပ်မြေစက်ရုံဘက်မှာ DKBA တို့ PDF တို့ ဂိတ်တွေ ရှိတယ်။ ဒါပေမဲ့ စစ်တပ်က အဲဘက်ကို မပစ်ဘူး။ ဒေသခံတွေနေတဲ့ရွာဘက်ကိုပဲ ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးနဲ့ လှမ်းပစ်နေတာ”** ဟု ကော့ဒွန်းဒေသခံတစ်ဦးက ပြောသည်။

# မော်လမြိုင်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြည်သူများကို အကြောင်းအမျိုးမျိုးပြကာ ငွေညှစ်

ဇူလိုင် ၂၃၊ ၂၀၂၄

၂၀၂၄ ဇူလိုင်လ လဆန်းပိုင်းမှစ၍ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် စစ်ကောင်စီတပ်ဖွဲ့တင်များဖြစ်သည့် စစ်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက အကြောင်းအမျိုးမျိုးပြကာ ဒေသခံပြည်သူများကို ငွေညှစ်နေကြောင်း သိရသည်။

လုံခြုံရေးကိုအကြောင်းပြကာ မြို့ဝင်မြို့ထွက်နေရာများနှင့် လမ်းဆုံလမ်းခွနေရာများတွင် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားပြီး ကား၊ ဆိုင်ကယ်များကို စစ်ဆေးခြင်းနှင့် လက်ကိုင်ဖုန်းများတွင် VPN ထည့်သွင်းထားမှုရှိမရှိ စစ်ဆေးခြင်းများကို တင်းတင်းကြပ်ကြပ် လုပ်ဆောင်လာသည်။ ၎င်းပြင် ကင်းလှည့်စစ်ဆေးခြင်းများကိုလည်း ပြုလုပ်လျက်ရှိသည်။

အဆိုပါစစ်ဆေးမှုများအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများကို ငွေကြေးအတင်းအဓမ္မတောင်းခံမှု ပြုလုပ်နေသည်ဟု မော်လမြိုင်မြို့ခံများက မွန်လူထုအသံကို ပြောသည်။

**“နေရာအတိအကျ မရှိဘူး။ စစ်ချင်တဲ့အချိန် စစ်တာ။ အများဆုံးစစ်တာက တံတားအတက်အဆင်းနဲ့ မြို့ဝင်မြို့ထွက်နေရာတွေပဲ။ အဲမှာတော့ နေ့တိုင်းရှိတယ်။ တစ်ခါမှ ကောင်းကောင်းမွန်မွန်မစစ်ဘူး။ အော်ပြီး အမိန့်နဲ့စစ်တာ။ ဘာမှမရ(မတွေ့)ရင် ပိုက်ဆံတောင်းတော့တာပဲ”** ဟု မော်လမြိုင် ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် မော်လမြိုင်မြို့ပေါ်တွင် အိမ်ငှားနေထိုင်သူများကို စစ်ကောင်စီက နေ့စဉ်နီးပါး ဧည့်စာရင်းများလာရောက်စစ်ဆေးနေသည်။

**“တခြားဒေသက စစ်ရှောင်လာတဲ့သူတွေ အိမ်ငှားနေတဲ့သူတွေကို ဧည့်စာရင်းနေ့တိုင်းစစ်တယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကလည်း ခရီးသွားပြည်သူများကို စစ်ဆေးပြီး ငွေကြေးတောင်းခံနေသည့်အပြင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကိုလည်း ကျူးလွန်လျက်ရှိကြောင်း သိရသည်။

“

“နေရာအတိအကျ မရှိဘူး။ စစ်ချင်တဲ့အချိန် စစ်တာ။ အများဆုံးစစ်တာက တံတားအတက်အဆင်းနဲ့ မြို့ဝင်မြို့ထွက်နေရာတွေပဲ။ အဲမှာတော့ နေ့တိုင်းရှိတယ်။ တစ်ခါမှ ကောင်းကောင်းမွန်မွန်မစစ်ဘူး။ အော်ပြီး အမိန့်နဲ့စစ်တာ။ ဘာမှမရ(မတွေ့)ရင် ပိုက်ဆံတောင်းတော့တာပဲ”



# မူးယစ်ဆေးသုံးစွဲသူ (၂) ဦးကို KNU က ဖမ်းဆီးပြီး ငွေကျပ်သိန်း (၄၀၀) တောင်း

**ဇူလိုင် ၃၀၊ ၂၀၂၄**

၂၀၂၄ ဇူလိုင်လ (၁၈) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စု မိုင် (၆၀) ကျေးရွာမှ မူးယစ်ဆေးသုံးစွဲသူ လူငယ် (၂) ဦးကို ကရင်အမျိုးသားအစည်းအရုံး (KNU) က ဖမ်းဆီးပြီး ငွေကျပ်သိန်း (၄၀၀) တောင်းခံခဲ့ကြောင်း သိရသည်။

အသက် (၃၀) နှစ် ကိုယုန်နှင့် အသက် (၂၅) နှစ် ကိုအပဲတို့ (၂) ဦးကို ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၆) က မူးယစ်ဆေးသုံးစွဲသည်ဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

**“လူကိုတော့ ဘာမှမလုပ်ဘူး။ ပိုက်ဆံ သိန်း (၄၀၀) ပေးရင် ပြန်လွှတ်ပေးမယ်တဲ့။ ကျွန်မတို့ဘက်က တောင်းပန်းပြီး အထက်လူကြီးနဲ့ ညှိပြီး သိန်း (၃၀၀) ပေးလိုက်ရတယ်”** ဟု ဖမ်းဆီးခံရသူတစ်ဦး၏ မိခင်ဖြစ်သူက ပြောသည်။

ထိုသို့ ငွေကြေးပေးဆောင်ပြီးနောက် ဖမ်းဆီးထားသူ (၂) ဦးကို ဇူလိုင်လ (၂၀) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် မေလ (၁၁) ရက်နေ့ကလည်း ရေဖြူမြို့နယ် သာယာမွန်ကျေးရွာမှ လူငယ် (၃) ဦးကို မူးယစ်ဆေးသုံးစွဲသည်ဟုဆိုကာ KNU က နေအိမ်အထိ လာရောက်ဖမ်းဆီးခဲ့ပြီး ပြန်လွှတ်ပေးရန်အတွက် တစ်ဦးလျှင် ငွေကျပ် (၁၀) သိန်း တောင်းခံခဲ့သည်။

**“KNU နဲ့ ရွာအုပ်ချုပ်ရေးတချို့ ပေါင်းပြီးတော့ အဲလိုမျိုးလုပ်စားနေကြတာ ရှိတယ်။ မူးယစ်ဆေးရောင်းတဲ့သူတွေကလည်း KNU ဆီက လက်မှတ်တစ်ခုခုနဲ့ လုပ်စားနေကြတာ”** ဟု ရေဖြူမြို့နယ်မှ ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ရေဖြူမြို့နယ်တွင် ကရင်အမျိုးသားအစည်းအရုံး လက်အောက်ခံ တပ်မဟာ (၆) နှင့် တပ်မဟာ (၄) တို့ အခြေစိုက်လှုပ်ရှားနေကြသည်။




# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်

ဇန်နဝါရီလ မှ ဇူလိုင်လအထိ ၂၀၂၄

မွန်ပြည်နယ် - ၇ ဦး


ကရင်ပြည်နယ် - ၁ ဦး

တနင်္သာရီတိုင်းဒေသ -၄ ဦး




# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၇) လအတွင်း ဖမ်းဆီးမှု အရေအတွက်

မတရားချုပ်နှောင်မှု နှင့် ဖမ်းဆီးမှု - (၉၁၁) ဦး



# အခြေခံလစာသည် စားဝတ်နေရေးအတွက် ဖူလုံမှုမရှိတော့သဖြင့် မွန်အမျိုးသားကျောင်းဆရာဆရာမများ အခက်ကြုံ

ဇူလိုင် ၁၉၊ ၂၀၂၄



မွန်အမျိုးသားပညာရေးကော်မတီ(MNEC)လက်အောက်တွင် တာဝန်ထမ်းဆောင်နေသော ဆရာဆရာမများ၏ အခြေခံလစာသည် (၉၅,၀၀၀) ကျပ် ဖြစ်ပြီး ပြီးခဲ့သည့်ဇွန်လတွင် ကျပ် ၁၅၀,၀၀၀ အထိ တိုးမြင့်လာခဲ့သည်။ သို့သော် ကုန်ဈေးနှုန်းများ အဆမတန်မြင့်မားနေသည့် ယခုကာလတွင် အဆိုပါပမာဏသည် စားဝတ်နေရေးအတွက်ပင် ဖူလုံမှုမရှိတော့သဖြင့် ဆရာဆရာမများ အခက်ကြုံနေရကြောင်း သိရသည်။

**"လစာတိုးတယ်ဆိုတော့ ပျော်ပါတယ်။ ဒါပေမဲ့ အခုကုန်ဈေးနှုန်းနဲ့ဆို တိုးတဲ့လစာလည်း အဆင်မပြေဘူး။ အစ်မတို့လို တစ်ယောက်တည်းသမားဆိုရင် နည်းနည်းအဆင်ပြေသေးပေမဲ့ အိမ်ထောင်သည်တွေကတော့ ဘယ်လိုမှ အဆင်မပြေဘူး"** ဟု မူလတန်းကျောင်းဆရာမတစ်ဦးက ပြောသည်။

စားဝတ်နေရေးခက်ခဲလာသဖြင့် မွန်အမျိုးသားကျောင်းဆရာဆရာမများသည် (၂) နှစ် သို့မဟုတ် (၃) နှစ်ခန့်သာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်ပြောင်းလဲလုပ်ကိုင်ခြင်း သို့မဟုတ် နိုင်ငံရပ်ခြားသို့ အလုပ်သွားလုပ်ခြင်းများ ပြုလုပ်နေရသည်။

ထို့ကြောင့် မွန်အမျိုးသားကျောင်းများတွင် ဆရာဆရာမလုံလောက်မှုများ ကြုံတွေ့နေရပြီး အထက်တန်းအောင်မြင်သူများကို သင်တန်းပေးကာ ဆရာဆရာမများအဖြစ် ခန့်အပ်ခေါ်ယူနေရသည်။

**"(၂) ခန်း ခွသင်နေရတော့ ကလေးတွေကို အချိန်ပြည့်မပေးနိုင်ဘူး။ ဒီဘက်အတန်းကိုသင်နေရင် ဟိုဘက်အတန်းကို စာတွေလုပ်ခိုင်းထားရတယ်"** ဟု ဆရာမတစ်ဦးက ပြောသည်။

မွန်အမျိုးသားပညာရေးကော်မတီလက်အောက်တွင် ကျောင်းပေါင်း (၁၄၈) ကျောင်း ရှိပြီး ဆရာဆရာမဦးရေ (၈၁၄) ဦး ရှိကြောင်း သိရသည်။

> **"လစာတိုးတယ်ဆိုတော့ ပျော်ပါတယ်။ ဒါပေမဲ့ အခုကုန်ဈေးနှုန်းနဲ့ဆို တိုးတဲ့လစာလည်း အဆင်မပြေဘူး။ အစ်မတို့လို တစ်ယောက်တည်းသမားဆိုရင် နည်းနည်းအဆင်ပြေသေးပေမဲ့ အိမ်ထောင်သည်တွေကတော့ ဘယ်လိုမှ အဆင်မပြေဘူး"**

# စစ်ဘေးရှောင်များ ထောက်ပံ့ငွေရရှိရန်အတွက် စာရင်းတင်သွင်းရာတွင် အခက်အခဲရှိနေ



**ဇူလိုင် ၁၆၊ ၂၀၂၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဂျိုင်းမြစ်ဝှမ်းဒေသတစ်လျှောက်ရှိ စစ်ဘေးရှောင်ပြည်သူများနှင့် နေအိမ်ပျက်စီးဆုံးရှုံးသွားသူများကို ပြည်တွင်းပြည်ပအလှူရှင်များ၊ မွန်သံဃာတော်များနှင့် မွန်ပရဟိတအဖွဲ့အစည်းတို့က မော်လမြိုင်မြို့ သာသနာ (၂၅၀၀) ကျောင်းတိုက်တွင် ၂၀၂၄ ဇူလိုင်လ (၁၃) ရက်နေ့မှ (၁၉) ရက်နေ့အထိ အလှူငွေထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ဘေးရှောင်မိသားစုတစ်စုလျှင် ထောက်ပံ့ငွေ (၁၅၀,၀၀၀) ကျပ်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

သို့သော် အဆိုပါထောက်ပံ့ငွေရရှိရန်အတွက် စာရင်းပေးသွင်းရမည်ဖြစ်ပြီး စာရင်းပေးသွင်းရာတွင် အခက်အခဲများ၊ အဆင်မပြေမှုများ ရှိနေကြောင်း သိရသည်။

“ကျွန်မက မော်လမြိုင်မှာ ဆိုင်ဖွင့်ထားလို့ အဖေနဲ့အမေကို ဒီမှာလာနေဖို့ ခေါ်ထားတယ်။ အခု အလှူငွေရဖို့ ရွာကိုပြန်ပြီး စာရင်းသွင်းရမယ်ဆိုလို့ အမေက ရွာပြန်သွားတယ်။ လူများတော့ တစ်ရက်ပြန်သွားလည်း မသွင်းရ၊ နှစ်ရက်ပြန်သွားလည်း မသွင်းရနဲ့ ကိုယ့်အလှည့်ရောက်ဖို့က ကြာနေတယ်။ အသွားအပြန်လုပ်နေရတာ လမ်းမှာလည်း အခြေအနေမကောင်းဘူး။ ဒရုန်းနဲ့လာပစ်တာတွေ ရှိတယ်။ အဲဒါလည်း စိုးရိမ်နေရတယ်” ဟု ခမ္မသတ်ကျေးရွာမှ ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

စစ်ဘေးရှောင်နေရာအလှမ်းဝေးခြင်းနှင့် သတင်းအချက်အလက်ရရှိမှု နှောင့်နှေးခြင်းတို့ကြောင့်လည်း ထောက်ပံ့ငွေမရရှိသည့်စစ်ဘေးရှောင်များလည်း ရှိနေသည်။

“စာရင်းသွင်းထားတဲ့သူဆို အကုန်ရတယ်။ တချို့သူတွေက အလှမ်းဝေးတဲ့နေရာမှာနေတော့ သတင်းမကြားလို့ ကျန်ခဲ့တာမျိုး ရှိတယ်” ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ဇူလိုင်လပထမအပတ်တွင်လည်း နေအိမ်ဆုံးရှုံးသွားသူများကို ပြည်တွင်းပြည်ပမွန်အဖွဲ့အစည်းများက တစ်အိမ်လျှင် ငွေကျပ် (၂၅၀,၀၀၀) တစ်ကြိမ်၊ (၂၀၀,၀၀၀) တစ်ကြိမ် ထောက်ပံ့ကူညီထားသည်။

စစ်ကောင်စီလက်အောက်ရှိ မွန်ပြည်နယ်အစိုးရကမူ နေအိမ်ပျက်စီးဆုံးခဲ့ရသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယနေ့အချိန်အထိ လုပ်ဆောင်ပေးခဲ့ခြင်း မရှိချေ။

> “ စာရင်းသွင်းထားတဲ့သူဆို အကုန်ရတယ်။ တချို့သူတွေက အလှမ်းဝေးတဲ့နေရာမှာနေတော့ သတင်းမကြားလို့ ကျန်ခဲ့တာမျိုး ရှိတယ် ”

# ကျိုက်ထိုတွင် ဒေသခံ (၁၀) ဦးထက်မနည်း လူသားဒိုင်းအဖြစ် ဖမ်းဆီးခံထားရ



ဇူလိုင် ၂၃၊ ၂၀၂၄

၂၀၂၄ ဇူလိုင်လ (၁၈) ရက်နေ့တွင် အင်အား (၂၀၀) ကျော်ပါသည့် စစ်ကောင်စီစစ်ကြောင်းသည် နယ်မြေရှင်းလင်းရေးဟုဆိုကာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ တပ်မဟာ (၁) ထိန်းချုပ်နယ်မြေအတွင်းသို့ စစ်ကြောင်းထိုးဝင်ရောက်လာပြီး အရပ်သားပြည်သူ (၁၀) ဦးထက်မနည်းကို လူသားဒိုင်းအဖြစ် ဖမ်းဆီးထားကြောင်း သိရသည်။

"စစ်ကြောင်းနဲ့တိုးတဲ့လူမှန်သမျှ အကုန်အဖမ်းခံရတယ်။ လောလောဆယ်သိရသလောက်တော့ (၁၀) ယောက်ကျော်ပြီ။ အများစုက ဇီးပြောင်းနဲ့ ပိန္နဲကုန်းဒေသခံတွေပဲ။ တစ်ယောက်မှ ပြန်လွှတ်မလာသေးဘူး" ဟု ပိန္နဲကုန်းဒေသခံတစ်ဦးက ပြောသည်။

လက်ရှိတွင် စစ်ကောင်စီစစ်ကြောင်းသည် ဇီးပြောင်းကျေးရွာအုပ်စုတွင် တပ်စွဲထားပြီး အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် နေ့ရောညပါ ပစ်ခတ်နေသည်။

စစ်ကြောင်းထိုးခြင်းနှင့် လက်နက်ကြီးပစ်ခတ်ခြင်းတို့ကြောင့် ပိန္နဲကုန်း၊ မဲရုံလေး၊ ပျဉ်းကတိုးကုန်း၊ ဇီးပြောင်း (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) ကျေးရွာများမှ ဒေသခံပြည်သူထောင်ချီ နေရပ်စွန့်ခွာထွက်ပြေးနေရသည်။

"စစ်ကြောင်းက အခုထိ ပြန်မထွက်သေးဘူး။ ဒေသခံတွေကို လူသားဒိုင်းအဖြစ် ဖမ်းထားတယ်လို့ သတင်းရထားတယ်။ တစ်ယောက်မှ ပြန်မလွှတ်သေးဘူး။ ထပ်စုံစမ်းနေတယ်" ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ အတွင်းရေးမှူးဖြစ်သူ ပဒိုစောအေးနိုင်က ပြောသည်။

သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ထုတ်ပြန်ချက်အရ စစ်ကောင်စီ၏အကြမ်းဖက်မှုကြောင့် ၂၀၂၄ ခုနှစ်အတွင်း ကျိုက်ထိုမြို့နယ်တွင် ဒေသခံပြည်သူ (၁၂,၀၀၀) ကျော် နေရပ်စွန့်ခွာထွက်ပြေးနေရပြီး ယနေ့အချိန်အထိ အိမ်ပြန်နိုင်ခြင်း မရှိကြောင်း သိရသည်။

"စစ်ကြောင်းက အခုထိ ပြန်မထွက်သေးဘူး။ ဒေသခံတွေကို လူသားဒိုင်းအဖြစ် ဖမ်းထားတယ်လို့ သတင်းရထားတယ်။ တစ်ယောက်မှ ပြန်မလွှတ်သေးဘူး။ ထပ်စုံစမ်းနေတယ်"

# တနင်္သာရီတွင် စစ်တပ်၏လက်နက်ကြီးကြောင့် အမျိုးသမီး (၁) ဦး သေဆုံး

**ဇူလိုင် ၁၆၊ ၂၀၂၄**

၂၀၂၄ ဇူလိုင်လ (၁၅) ရက်နေ့တွင် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာအုပ်စုကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒေသခံ အမျိုးသမီး (၁) ဦး ထိခိုက်သေဆုံးခဲ့ကြောင်း သိရသည်။




မော်တုန်းကျေးရွာအခြေစိုက် အမှတ် (၃၀၆) အမြောက်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်း ဖြစ်ပြီး လက်နက်ကြီးကျည်သည် အရှေ့မော်တုန်းကျေးရွာအုပ်စု ကမ်းရိုးတန်း (၂) ကျေးရွာတွင် ကျရောက်ပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့် အသက် (၄၂) အရွယ် ဒေါ်မီးငယ်သည် ဦးခေါင်း၊ ရင်ဘတ်နှင့် လက်မောင်းတို့တွင် ကျည်ထိမှန်ပြီး သေဆုံးခဲ့သည်ဟု ဒေသခံများက ပြောသည်။

“အသိနာရေးအိမ်ကို သွားတာ။ အရှေ့မော်တုန်းမှာရှိတဲ့ သူ့အဖေအိမ်မှာ နားနေတုန်း လက်နက်ကြီးထိမှန်ပြီး သေသွားတာ” ဟု ဒေသခံတစ်ဦးက ပြောသည်။


ပြီးခဲ့သည့်ဇူလိုင်လ (၁၃) ရက်နေ့တွင်လည်း တနင်္သာရီမြို့နယ် သာရဖုံနှင့် ပ၀ကျေးရွာများကို စစ်ကောင်စီက လေကြောင်းဖြင့် အကြောင်းမဲ့ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သား (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

## ၂၀၂၄ ဇူလိုင်လအတွင်း မွန်, ကရင်, တနင်္သာရီတိုင်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်



# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်
# ဇူလိုင်လ ၂၀၂၄

Mon State Cases - July 2024




## Kyike Hto Township ( 8) cases

1. Artillery Attack(3)times
2. Artillery attack and injure(2) times
3. Use as Human Shield
4. Artillery Attack and Killed
5. Anti- Terrorist act

## Mawlamyine Township (4)cases

- Extorts money (2) times
- Arrested and extort
- Health issuses

## Chaung Zone Township

1. Worry about coal fire power plant

## Mudon Township

- Extort money

## Thanbyuzayat Township(5)

1. Extort money
2. Theft on rise
3. Military recurits
4. landmine and injure
5. House destroyed and injured

## Bilin Township

1. Shot and Injured
2. Arrested

## Kyikemayaw Township (8)cases

1. Unable to return
2. Return to village
3. Fled home and IDP
4. Destory house
5. farming declines
6. Difficulties filing registration
7. brutally beaten
8. Air Assault and Killed

## Ye Township(8) cases

1. Artillery Attack
2. Frightened local residents
3. Extort money
4. Shot and killed
5. landmine and injure
6. Commodity Prices
7. Drug Rehabuilitation issus
8. Disrupt Local Travel

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြမ်အရေးအတွက်
# ဇူလိုင်လ ၂၀၂၄

Three-Pagoda


- Arrest of undocumented



# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## ဇူလိုင်လ ၂၀၂၄

Tanintharyi Division Cases - July 2024




### Pu law Township

- Insufficient med-icine

### Dawei Township

- Burn Down house

### Long Lone Township

1. Killed
2. Artillery Attack
3. Raid House and extort money
4. Burn Down house
5. Arbitrary Arrests

### Tha Yet Chaung Township

1. Uses as human sheild
2. Artillery Attack and Killed

### Yebyu Township (7) Cases

1. Arrested and killed
2. shut down school
3. Fled home and IDP
4. Killing and released
5. not released yet
6. Shot and injured
7. Arrested and extort


### Tenasserim Township


1. Air assault and injured
2. Artillery Attack and killed

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာ မှတ်တမ်း


# ၂၀၂၄ ဇူလိုင်လ


## စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်









**စစ်ဘေးဒုက္ခသည်= (၁၉၅၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၃၅) ဦး ၊ သတ်ဖြတ်မှု = (၁၈) ဦး**





**စစ်ဘေးဒုက္ခသည်= (၃၂၀၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၄၀) ဦး ၊ သတ်ဖြတ်မှု = (၂၀) ဦး**




**စစ်ဘေးဒုက္ခသည်= (၂၄၀၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၃၅) ဦး ၊ သတ်ဖြတ်မှု = (၂၀) ဦး**

# VPN အသုံးပြုသူများကို ဆက်လက်ငွေညှစ်နေဆဲ



**ဇူလိုင် ၈၊ ၂၀၂၄**

၂၀၂၄ ဇွန်လ (၂၄) ရက်နေ့တွင် လက်ကိုင်ဖုန်း၌ VPN ထည့်သွင်းအသုံးပြုမှုကြောင့် ဖမ်းဆီးခံရခြင်းနှင့် ငွေကြေးတောင်းခံရခြင်းများ ရှိပါက တိုင်ကြားနိုင်ကြောင်း စစ်ကောင်စီ၏ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောသည်။

သို့သော် အောက်ခြေတပ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များသည် VPN ထည့်သွင်းအသုံးပြုကြောင်း စစ်ဆေးတွေ့ရှိပါက အသုံးပြုသူပြည်သူများကို ငွေကြေးအတင်းအဓမ္မတောင်းခံနေဆဲဖြစ်သည်။

"ဇူလိုင်လ (၅) ရက်နေ့က ထားဝယ်ကို အလုပ်ကိစ္စနဲ့ သွားတာပါ။ အပြန်ကျတော့ ကားကို ရပ်ခိုင်းပြီး မှတ်ပုံတင်တောင်းတယ်။ နောက်ပြီး ဖုန်းထဲမှာ VPN ရှိမရှိ စစ်တယ်။ ဘေးကတစ်ယောက်က မိတော့ ပိုက်ဆံ (၅) သောင်း ပေးလိုက်ရတယ်" ဟု အမျိုးသမီးတစ်ဦးက ပြောသည်။

မွန်ပြည်နယ်တွင် မုဒုံ၊ သံဖြူဇရပ်နှင့် ရေးမြို့ အဝင်အထွက်နေရာများတွင် VPN စစ်ဆေးမှု တင်းကြပ်နေပြီး တနင်္သာရီတိုင်းတွင်လည်း အလားတူစစ်ဆေးမှုများကို စစ်ကောင်စီ၏ဌာနဆိုင်ရာဝန်ထမ်းများက လုပ်ဆောင်နေသည်။

လက်ကိုင်ဖုန်းတွင် VPN ထည့်သွင်းအသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဒဏ်ငွေ (၅) သောင်းမှ (၃) သိန်းအထိ အတင်းအဓမ္မတောင်းခံနေသည်။

"ဇွန်လလောက်ကပဲ။ ကျွန်မသူငယ်ချင်းတစ်ယောက်ဆို (VPN စစ်ဆေးတာ မိလို့) (၁) သိန်း ပေးလိုက်ရတယ်။ ကျောင်းသားဖြစ်နေလို့ ပြစ်ဒဏ်လျှော့ပေါ့ပေးလိုက်တာလို့ သူတို့က ပြောလိုက်သေးတယ်" ဟု မော်လမြိုင်တက္ကသိုလ်ကျောင်းသူတစ်ဦးက ပြောသည်။

၂၀၂၁ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း သတင်းလွတ်လပ်ခွင့်ကို တားဆီးရန်အတွက် စစ်ကောင်စီက လူမှုကွန်ရက်အသုံးပြုမှုကို ပိတ်ပင်ခဲ့သဖြင့် လူမှုကွန်ရက်များကို အသုံးပြုနိုင်ရန်အတွက် ပြည်သူများက VPN များကို ထည့်သွင်းသုံးစွဲနေရသည်။

"အခုဆိုရင် ဖုန်းအပြင်ဘက်မှာ မတွေ့ရင် setting အထိသွားစစ်တာ။ ထူးခြားတာက လမ်းမတွေလို ပေါ်ပေါ်ထင်ထင်နေရာတွေမှာ စစ်တာမဟုတ်ဘူး။ အောက်ခြေတွေက လုပ်စားနေတာ" ဟု သံဖြူဇရပ်မြို့နယ်မှ လူငယ်တစ်ဦးက ပြောသည်။

၂၀၂၄ မေလ (၂၉) ရက်နေ့တွင် VPN အသုံးပြုမှုကို ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း စစ်ကောင်စီက ကြေညာပြီးနောက်ပိုင်း အခမဲ့အသုံးပြုနိုင်သည့် VPN အမျိုးပေါင်း (၂၀) ကျော်သည် ချိတ်ဆက်၍ မရတော့ချေ။

"Free VPN နဲ့ ချိတ်ရင် နာရီဝက်ပဲ ရတယ်။ ဝယ်သုံးဖို့ကလည်း အခုလိုမျိုး စစ်ဆေးငွေညှစ်နေတော့ အဆင်မပြေဘူး" ဟု ထားဝယ်မြို့ပေါ်မှ လူငယ်တစ်ဦးက ပြောသည်။

လက်ရှိတွင် ဖုန်းလိုင်းများပြတ်တောက်ခြင်း၊ အင်တာနက်လိုင်းနှေးကွေးခြင်းနှင့် VPN ချိတ်ဆက်မှု မရရှိခြင်းတို့ကြောင့် Online လုပ်ငန်းများအပြင် စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများပါ ထိခိုက်မှုများစွာ ကြုံတွေ့နေရကြောင်း ပြည်သူများက ပြောသည်။




# ရေးတွင် အမျိုးသမီးတစ်ဦး မြေမြှုပ်မိုင်းနင်းမိ

**ဇူလိုင် ၁၁၊ ၂၀၂၄**

၂၀၂၄ ဇူလိုင်လ (၂) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် တူးမြောင်းကျေးရွာမှ အသက် (၅၅) နှစ်အရွယ် ဒေါ်ရွှေရွှေသင်းသည် အမှတ် (၅၈၆) ခြေမြန်တပ်ရင်းအနီးတွင် မျှစ်ချိုးရန်သွားရောက်စဉ် မြေမြှုပ်မိုင်းနင်းမိပြီး ခြေထောက်တစ်ဖက် ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။

"အဲအမျိုးသမီးက ရေးမြို့နယ်ပြည်သူ့ဆေးရုံကြီးမှာ ဆေးကုနေတုန်းပဲ။ မွန်ပြည်သစ်ပါတီ ဝယ်ဇယ်ရွာဆေးရုံမှာ ခြေထောက်သွားဖြတ်ရဖို့ ရှိနေတယ်" ဟု တူးမြောင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ထိုသို့သွားရောက်ရာတွင် စစ်ကောင်စီတပ်က စစ်ဆေးမေးမြန်းမည်ကို ကာယကံရှင်များက စိုးရိမ်နေကြောင်း သိရသည်။

"ဝယ်ဇင်ဆေးရုံသွားဖို့ဆိုရင် တံတားဖြူစစ်ဆေးရေးဂိတ်ကို ဖြတ်ရမှာ။ အဲဂိတ်က ဒေသခံတွေဖြတ်ရင်တောင် စစ်ဆေးနေတာ။ မိုင်းထိလူနာဆို ပိုစစ်ဆေးမယ်ထင်တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မွန်ပြည်နယ်တွင် ၂၀၂၃ ခုနှစ်အတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ် (၁၉) ခု ရှိခဲ့ပြီး (၄) ဦး သေဆုံးကာ (၂၄) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂၀၂၄ ခုနှစ် ပထမ (၆) လတာကာလအတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသမီး (၁) ဦး သေဆုံးပြီး အရပ်သားပြည်သူ (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

## မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင်  နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂)  လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နှောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့်  ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့  စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော  လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND